**All Burma Federation of Student Unions**

**ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်**

## ရန်ကုန်တက္ကသိုလ်ကျောင်းသားများသမဂ္ဂ (ရတကသ) ၏ ၉၁ နှစ်ပြည့် အထိမ်းအမှတ်သို့ ပေးပို့သောသဝဏ်လွှာ

သဝဏ်လွှာအမှတ် - ၁ / ၂၀၂၂

ရက်စွဲ - ၃၁ / ၁ / ၂၀၂၂

၁၉၃၁ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့သော ရန်ကုန်တက္ကသိုလ်ကျောင်းသားများသမဂ္ဂ (ရတကသ) ပေါ်ပေါက်လာခဲ့သည်မှာ ယနေ့တွင် ၉၁ နှစ် တိုင်ခဲ့ပြီဖြစ်ပါသည်။ နယ်ချဲ့ဆန့်ကျင်ရေး၊ လွတ်လပ်ရေး၊ စစ်အာဏာရှင်စနစ်တိုက်ဖျက်ရေး၊ ဒီမိုကရေစီရေး၊ ဒီမိုကရေစီပညာရေး အစရှိသည့်တိုက်ပွဲများတွင် အဖိနှိပ်ခံပြည်သူလူထု၊ ကျောင်းသားထုနှင့် တသားတည်းရပ်တည်ကာ တိုက်ပွဲဝင်ခဲ့ကြသော ခေတ်အဆက်ဆက်က ရတကသရဲဘော်များအား ကျွန်ုပ်တို့မှ အလေးအမြတ်ပြုပါသည်။

ရန်ကုန်တက္ကသိုလ်ကျောင်းသားများသမဂ္ဂ (ရတကသ) သည် စတင်ဖွဲ့စည်းချိန်မှစ၍ ယနေ့တိုင်အောင် အဖိနှိပ်ခံလူထုနှင့်ရပ်တည်ကာ ဖိနှိပ်သူအပေါင်းကို တွန်းလှန်ခဲ့သည်မှာ အထင်အရှားပင်ဖြစ်သည်။ ကျွန်ုပ်တို့ ဗကသများအဖွဲ့ချုပ်သည်လည်း အဖိနှိပ်ခံပြည်သူလူထုအကျိုး၊ ကျောင်းသားထုအကျိုးအတွက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်အရပ်ရပ်တွင် ရဲဘော်တို့ ရန်ကုန်တက္ကသိုလ်ကျောင်းသားများသမဂ္ဂ (ရတကသ) နှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်လိမ့်မည် ယုံကြည်ပါသည်။ ရန်ကုန်တက္ကသိုလ်ကျောင်းသားများသမဂ္ဂ (ရတကသ) အနေဖြင့် အဖိနှိပ်ခံကျောင်းသားထုအကျိုး၊ ပြည်သူလူထုအကျိုးအား ဆက်လက်သယ်ပိုးထမ်းဆောင်နိုင်ပါစေကြောင်း ကျွန်ုပ်တို့ ဗကသများအဖွဲ့ချုပ်မှ ဆန္ဒပြုရင်း သဝဏ်လွှာပေးပို့အပ်ပါသည်။

**ရန်သူတကာ ကြောက်ဒူးတုန်ပါစေ**

**ပြည်သူအပေါင်း ရှင်လန်းအားတက်ပါစေ**

**ရတကသ အစွန့်ရှည်တည်တံ့ပါစေ**

**ဗဟိုအမှုဆောင်အဖွဲ့**

**ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်**

Facebook Page – All Burma Federation of Student Unions

Email – abfsu.cec@gmail.com